
# တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့လိုသည့် မြန်မာလုပ်ငန်းရှင်များအတွက် လက်စွဲ

ဒေါက်တာရွှေစင်ကို












# တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့လိုသည့် မြန်မာလုပ်ငန်းရှင်များအတွက်လက်စွဲ

## နိဒါန်း

၁။ တရုတ်နိုင်ငံ၏ စီးပွားရေးကို စားသုံးသူများက တွန်းအားပေး၍ ဖွံ့ဖြိုးသည့်ပုံစံကို ကျင့်သုံးလျက်ရှိရာ ပြည်တွင်းစားသုံးမှုအသွင်ပြောင်းလဲလာခြင်းကြောင့် ၎င်း၏ စားသောက်ကုန်ဈေးကွက်အတွင်း ပြောင်းလဲမှုများ သိသိသာသာဖြစ်ပေါ်လာလျက်ရှိပါသည်။ အထူးသဖြင့် တရုတ်စားသုံးသူများ၏ ၈၆ ရာခိုင်နှုန်းမှာ အစားအသောက် ဝယ်ယူသည့်အခါ စိတ်ချလုံခြုံမှုရှိစေရေးကိုထည့်သွင်းစဉ်းစားပြီး၊ ၅၂ ရာခိုင်နှုန်းမှာ အစားအသောက်ဝယ်ယူသည့်အခါ (သို့မဟုတ်) ရွေးချယ်သည့်အခါ ကုန်ပစ္စည်းအညွှန်းများကို ဖတ်ရှုကြလျက် ကျန်းမာရေးအသိအမြင်ဖြင့် အခြေခံအချက်များကို ထည့်သွင်းစဉ်းစားလာကြ၍ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများနှင့် လတ်ဆတ်အစားအစာများကို ပိုမိုစားသုံးလာကြပါသည်။

၂။ ထိုကဲ့သို့ လျင်မြန်စွာပြောင်းလဲလာသော တရုတ်စားသုံးသူများ၏ ဝယ်လိုအားကို ဖြည့်ဆည်းရန် ပြည်တွင်း ထုတ်လုပ်မှုကိုသာမက ပြည်ပမှ တင်သွင်းမှုများကိုလည်း တင်းကြပ်သောစည်းမျဉ်းစည်းကမ်းများချမှတ်လျက် ပိုမို ခွင့်ပြုလာလျက်ရှိပါသည်။ တရုတ်အကောက်ခွန်ဌာနမှ ထုတ်ပြန်သော စာရင်းအရ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း တရုတ်၏ ပြည်ပမှ စားသောက်ကုန် တင်သွင်းမှုမှာ နှစ်စဉ် ၁၇.၄ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၁၉ ခုနှစ်တွင် စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းပိုင်းမှ ဝင်ငွေရရှိမှုမှာ အမေရိကန်ဒေါ်လာ ၂၂.၇ ဘီလီယံရှိခဲ့ကာ၊ ၂၀၂၃ ခုနှစ်တွင် ဈေးကွက်တန်ဖိုးအမေရိကန်ဒေါ်လာ ၃၆.၆၇ ဘီလီယံတန်ဖိုးရှိလာမည်ဟုလည်း ခန့်မှန်း

ထားကြပါသည်။ ထို့ကြောင့် နိုင်ငံတကာမှ ထုတ်လုပ်သူများ၊ ကုန်သွယ်ရောင်းဝယ်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် တရုတ်နိုင်ငံ၏ စားသောက်ကုန်နှင့် အဖျော်ယမကာဈေးကွက်မှာ အလွန်ဆွဲဆောင်မှုရှိနေပါသည်။

၃။ တစ်ဖက်တွင်လည်း တရုတ်နိုင်ငံ၏ အစားအသောက်နှင့် အဖျော်ယမကာ စိတ်ချလုံခြုံရေးအား အစိုးရဌာနများစွာက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး၊ အဆင့်တိုင်း၌ စားသောက်ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် စိတ်ချလုံခြုံမှု သေချာစေရန် ကြပ်မတ်စစ်ဆေးသည့် စနစ်ရှိပါသည်။ ၎င်းတို့နှင့်ကိုက်ညီခြင်းမရှိပါက လာရာနိုင်ငံသို့ ပြန်လည် တင်ပို့ခြင်း သို့မဟုတ် ဖျက်ဆီးပစ်ခြင်းတို့ကို ပြုလုပ်သဖြင့် သွင်းကုန်တင်သွင်းသည့် ကုမ္ပဏီများရော၊ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများ၌ပါ ဆုံးရှုံးမှုများ သိသိသာသာဖြစ်ပေါ်စေလျက်ရှိပါသည်။ ထို့ပြင် မလျော်ကန်သည့် ပြုမူဆောင်ရွက်ချက်များကိုတွေ့ရှိပါက သွင်းကုန်လိုင်စင်အား ပြန်လည်ရုပ်သိမ်းပြီး ထပ်မံကုန်သွယ်မှုပြုခြင်းမှ တားမြစ်တတ်ရာ တရုတ်နိုင်ငံ၏ ဈေးကွက်အတွင်းသို့ ရောင်းချရန် သို့မဟုတ် ရောင်းချရေးစဉ်းစားရန် စိတ်အားထက်သန်နေသည့် မြန်မာစားသောက်ကုန် ထုပ်လုပ်သည့် လုပ်ငန်းများ အားလုံးတို့မှာ ၎င်းနိုင်ငံ၏ စားသောက်ကုန်စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုရှိစေရေး သတိထားကြရမည်ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ (နယ်စပ်ကုန်သွယ်ရေး နည်းလမ်းအပါအဝင်) တင်ပို့ခဲ့သော စားသောက်ကုန်များကို H.S Code အလိုက် **နောက်ဆက်တွဲ၊ (က)** ဖြင့် ပူးတွဲဖော်ပြထားပါသည်။

## တရုတ်ဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်သည့်နည်းလမ်းများ

၄။ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် တရုတ်ဈေးကွက်အတွင်း ဝင်ရောက်ရန် တစ်ဖက်ဖော်ပြပါ ရွေးချယ်စရာလမ်း (၂) သွယ်ရှိကာ၊ ၎င်းလမ်း

နှစ်သွယ်ကို ပေါင်းစပ်ဆောင်ရွက်နိုင်ပါက တရုတ်နိုင်ငံရှိ မတူညီသော ဒေသအလိုက် ဈေးကွက်များ၌ ကြုံတွေ့ရနိုင်သော ဆုံးရှုံးမှုများမှ ရှောင်ရှားနိုင်ကြပြီး စားသုံးသူများ၏ လိုအပ်ချက်များနှင့် လိုက်ဖက်ညီစေရန် ပြုပြင်ပြောင်းလဲမှုပြုခြင်းဖြင့် အခွင့်အလမ်းများစွာရရှိမည်ဖြစ်ပါသည် -

(က) တရုတ်ပြည်တွင်း၌လုပ်ကိုင်နေသူများနှင့် မိတ်ဖွဲ့ပြုခြင်း။

( ခ ) တရုတ်ပြည်တွင်းမှ နှစ်ခြိုက်မှုများကို သိရှိရန် ဈေးကွက်သုတေသန ဦးစွာပြုလုပ်ခြင်း၌ ရင်းနှီးမြှုပ်နှံခြင်းနှင့် ပြည်တွင်းဝယ်လိုအားနှင့် သင့်လျော်စွာ ပြုပြင်ထုတ်လုပ်ထားသော ကုန်ပစ္စည်းများကို ရောင်းချခြင်းတို့ဖြစ်ကြပါသည်။

## တရုတ်ဈေးကွက်တွင် သတိထားရမည့် အချက်များ

၅။ ပထမဦးစွာသတိထားရမည့်အချက်မှာ တရုတ်နိုင်ငံသည် စားသောက်ကုန် တင်သွင်းမှုများအတွက် အပြည်ပြည်ဆိုင်ရာ တရားဝင်အသိအမှတ်ပြုထားသည်များကို အသိအမှတ်မပြုဘဲ ၎င်းနိုင်ငံ၏ ကိုယ်ပိုင်စံချိန်စံညွှန်း သတ်မှတ်ချက်များကို အသုံးပြုသည့်အတွက် နိုင်ငံခြားမှ ထုတ်လုပ်သူများနှင့် တင်ပို့သူများအနေဖြင့် ပြည်တွင်း စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် လိုအပ်ပါသည်။ ရှုပ်ထွေးသောစည်းမျဉ်းမူဘောင်နှင့် တင်းကြပ်သော စားသောက်ကုန် လုပ်ထုံးလုပ်နည်းများက စားသောက်ကုန်ဈေးကွက်အတွင်း ဝင်ရောက်လာသော နိုင်ငံခြားလုပ်ငန်းများသို့ အဓိက စိန်ခေါ်မှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ၎င်းလုပ်ထုံးလုပ်နည်းများကို ကြိုတင်လေ့လာထားမှသာ ကြုံတွေ့ရသည့် စီမံခန့်ခွဲမှုအတားအဆီးများကို ကျော်လွှားရာတွင် အဆင်သင့်ဖြစ်နေနိုင်မည် ဖြစ်ပါသည်။

၆။ ဒုတိယအချက်မှာ ကုန်ပစ္စည်းအတုအပများ၏ အန္တရာယ်ဖြစ်ပါသည်။ မကြာသေးမီနှစ်များအတွင်း တရုတ်ပြည်တွင်း၌ ကုန်ပစ္စည်းအတုအပ

ထုတ်လုပ်သည့် အခြေအနေမှာတိုးတက်မှုရှိလာခဲ့သော်လည်း တရုတ်နိုင်ငံ၏ အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်း၌ အတုအပများထုတ်လုပ်မှုမှာ တိုးပွား နေဆဲဖြစ်ပါသည်။ ထိုကဲ့သို့သော ကုန်ပစ္စည်းများတွင် စက်မှုလုပ်ငန်းသုံး၊ ပြန်လည်သန့်စင်ထားသော ပါဝင်ပစ္စည်းများ သို့မဟုတ် အဆိပ်အတောက် ဖြစ်နိုင်သော ရောနှောမှုများ မကြာခဏဆိုသလို ပါဝင်တတ်ပါသည်။ တရုတ် စားသုံးသူများက အစားအသောက်များ ဝယ်ယူရာတွင် အထူးထိရှလွယ် ဖြစ်လာသည့်အချိန်၌ မိမိပစ္စည်းကို တုပထုတ်လုပ်ထားမှုကြောင့် မိမိကုန် အမှတ်တံဆိပ်၏ နာမည်ဂုဏ်သတင်းအား ထိခိုက်ပျက်စီးစေနိုင်ပါသည်။ ထို့ကြောင့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် တရုတ်ဈေးကွက်တွင် အတုအပ ပြုလုပ်ခံရခြင်းနှင့် မကြုံတွေ့ရစေရန် မိမိတို့တံဆိပ်၏ထင်ရှားမှုနှင့် ကုန်အမှတ် တံဆိပ်တို့ကိုကာကွယ်ရန် ဖြစ်နိုင်သည့် စီမံဆောင်ရွက်မှုအားလုံးအား စောစီး စွာ စတင်ပြုလုပ်ထားသင့်ပါသည်။

၇။ တတိယအချက်အနေဖြင့် တရုတ်ဈေးကွက်တွင် အောင်မြင်စွာ နေရာယူနိုင်စေရန် မြန်မာထုတ်လုပ် တင်ပို့သူများအနေဖြင့် ပြည်တွင်း စားသုံးသူများ၏ အမူအကျင့်များကို နားလည်ထားရန်လိုအပ်ပါသည်။ ၎င်း တို့မှာ တရုတ်စားသုံးသူများ၏ ဦးတည်ချက်များနှင့် ဝယ်လိုအားများအပေါ် မြေပြင်အခြေအနေအတိုင်း သိရှိနိုင်ခြင်း၊ ပြည်နယ်အလိုက် ကွဲပြားခြားနား သော စားသုံးမှုပုံစံများကို သိရှိထားခြင်းနှင့် အတွင်းကျကျ ပြောင်းလဲ ဖြစ်ပေါ် နေမှုများကို သိရှိထားခြင်းတို့ဖြစ်ကြပါသည်။

၈။ အများအားဖြင့် တရုတ်နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်း တလျှောက်ရှိ ပထမအဆင့်မြို့ကြီးများမှာ နိုင်ငံတကာနှင့်ရင်ဘောင်တန်း နိုင်သော လူနေမှုအဆင့်အတန်းနှင့် ဝင်ငွေပိုမိုမြင့်မားပြီး ပိုမိုဖွံ့ဖြိုးသော မြို့ကြီးများ ဖြစ်ကြပါသည်။ ၎င်းမြို့ကြီးများတွင် ပြည်တွင်းထုတ်ကုန်များ

ထက် နိုင်ငံခြားဖြစ် ကုန်ပစ္စည်းများကို ပိုမိုနှစ်ခြိုက်လေ့ ရှိကြပါသည်။ တချိန်တည်းမှာပင် ဒုတိယအဆင့်မြို့အများအပြားမှာ လျင်မြန်စွာဖွံ့ဖြိုးလာသောကြောင့် အမှတ်တံဆိပ်ရှိပြီး ကုန်ပစ္စည်းများအနေဖြင့် ၎င်းဈေးကွက်များမှလည်း အကျိုးအမြတ်ရရှိနိုင်ကြပါသည်။

၉။ တရုတ်လူမျိုးများ၏ ၇၃ ရာခိုင်နှုန်းမှာ ကျန်းမာရေးနှင့် ပိုမို ညီညွတ်သော အစားအသောက်များအတွက် ဈေးနှုန်းပိုမိုပေးရန် အသင့်အနေအထားရှိနေကြပြီး၊ အသက် ၂၀ နှစ်နှင့် ၄၉ နှစ်အကြားရှိ တရုတ်လူလတ်တန်းစား၏ ၅၈ ရာခိုင်နှုန်းမှာ ကျင့်ဝတ်များနှင့်ညီညွတ်သော ကုန်အမှတ်တံဆိပ်များအတွက် ဈေးပိုမိုပေးရန် စိတ်အားထက်သန်လျက် ရှိကြပါသည်။

၁၀။ စတုတ္ထအချက်မှာ တရုတ်၏ဈေးကွက်၌ အွန်လိုင်းလက်လီလမ်းကြောင်းများမှ ရောင်းချခြင်းမှာ အရေးပါလာပါသည်။ ပထမအဆင့်နှင့် ဒုတိယအဆင့်မြို့တော်များတွင် တရုတ်စားသုံးသူများ၏ ၈၂ ရာခိုင်နှုန်းတို့က (အနည်းဆုံးအနေဖြင့် ရံဖန်ရံခါဖြစ်စေ) အစားအသောက်နှင့် အဖျော်ယမကာများကို အွန်လိုင်းပေါ်မှ ဝယ်ယူကြပါသည်။ ထိုသို့အွန်လိုင်းပေါ်မှ ဝယ်ယူရာတွင် အစားအသောက်နှင့် အဖျော်ယမကာ ကုမ္ပဏီ၏ မူလရှိပြီး website အားတရုတ်ဘာသာသို့ အလွယ်တကူဘာသာပြန်စေရုံဖြင့် မလုံလောက်သည့်အတွက် နိုင်ငံတကာတွင် နာမည်ရပြီးဖြစ်သည့် ကုန်အမှတ်တံဆိပ်များက ၎င်းတို့၏ website များအား တရုတ်ဖောက်သည်များ၏ စိတ်ဝင်စားမှုရရှိစေရန် ပြင်ဆင်ရေးဆွဲရသည်များလည်း ရှိလာပါသည်။ ထို့ပြင် ဆိုရှယ်မီဒီယာမဟာဗျူဟာများဖြင့်လည်း ဆောင်ရွက်မှုပြုရန် လိုအပ်ပါသည်။

၁၁။ ပဉ္စမအချက်မှာ တရုတ်ဘက်မှ ပူးပေါင်းဆောင်ရွက်သူများက မြန်မာကုမ္ပဏီများဘက်မှ တင်သွင်းမည့် ပစ္စည်းများအတွက် ၎င်းတို့ကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ဆွဲဆောင်လေ့ရှိကြပါသည်။

ထိုသို့ ဆွဲဆောင်သော်လည်း ၎င်းတို့ဘက်မှ တာဝန်ယူမှုနှင့် တာဝန်ခံမှုများ အားနည်းခြင်း၊ မြန်မာပစ္စည်းများကို မည်သို့ ဈေးကွက်ထိုးဖောက်ပေးမည်ကို လက်တွေ့ကျကျ ပြောကြားနိုင်မှုအားနည်းခြင်း။ မြန်မာလုပ်ငန်းရှင်၏ အဆက်အသွယ်ဖြင့် အခြားတရုတ်လုပ်ငန်းများထံတင်ပို့သည့်အခါ ကိုယ်စားလှယ်ဟူသော အမည်ပေးအပ်ထားသည့် တရုတ်လုပ်ငန်းအား ကော်မရှင်ငွေကြေးပေးရန်လိုအပ်ခြင်းစသည့် မလိုလားအပ်သော စိန်ခေါ်မှုများဖြင့် ကြုံတွေ့ရနိုင်ပါသည်။ ထို့ကြောင့် ကိုယ်စားလှယ်အဖြစ်ထားရှိမည့် တရုတ်ကုမ္ပဏီ/ လုပ်ငန်းအား သေချာစွာစိစစ်ရန် လိုအပ်မည် ဖြစ်ပါသည်။

**တရုတ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်း စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး ပြင်ဆင်ခြင်း**

၁၂။ နိုင်ငံခြားမှ တရုတ်နိုင်ငံသို့ တင်ပို့လာသော အစားအသောက်နှင့် အဖျော်ယမကာများ တရုတ်နိုင်ငံသို့ ရောက်ရှိသည်နှင့် စစ်ဆေးသည့်အဆင့်တိုင်း၌ စည်းမျဉ်းစနစ်များနှင့် တင်းကြပ်ထားသဖြင့် ၎င်းတို့နှင့် ကိုက်ညီရန် လိုအပ်ပါသည်။ မကြာသေးမီနှစ်များအတွင်း တရုတ်က ၎င်း၏ လုပ်ထုံးလုပ်နည်းများကို လျင်မြန်စွာ ပြောင်းလဲ လာခဲ့ပြီး၊ ၎င်းနိုင်ငံ၏ စားသောက်ကုန်စိတ်ချလုံခြုံစေရေးဥပဒေအား ပြန်လည်သုံးသပ်ပြင်ဆင်ခဲ့ကာ စားသောက်ကုန်များကို တင်သွင်းရန် လိုင်စင်လိုအပ်လာသည့်အတွက် မြန်မာလုပ်ငန်းရှင်များအနေဖြင့် ၎င်းစနစ်ကျနသည့် ချဉ်းကပ်မှုများအတိုင်း လိုက်ပါဆောင်ရွက်ရန် လိုအပ်နေပါသည်။

### စားသောက်ကုန်စိတ်ချလုံခြုံရေးဥပဒေ (၂၀၁၅)

၁၃။ ၎င်းဥပဒေအရ အရည်အသွေးစံချိန်စံညွှန်းများ၊ စားသောက်ကုန်ထုတ်လုပ်ရေးလိုင်စင်များ၊ ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေး၊ စားသောက်ကုန်နှင့်ဆက်စပ်နေသော ကုန်ပစ္စည်းများ၊ သိုလှောင်ခြင်းနှင့် ထောက်ပို့သယ်ယူ

ပို့ဆောင်ခြင်း၊ စားသောက်ကုန်ထဲ ထည့်သွင်းသည့်ပစ္စည်းများ၏ စိတ်ချလုံခြုံမှုနှင့် သဘာဝအစားအစာများအပေါ် အထူးအာရုံစိုက်ထားပါသည်။

**အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအဖွဲ့ (GACC) (GACCအမိန့်အမှတ် ၂၄၈ [၂၀၂၁] နှင့် ၂၄၉ [၂၀၂၁])**

၁၄။ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအဖွဲ့မှ မကြာသေးမီက ပြန်လည်ပြင်ဆင်ထားသော ပြည်ပမှ တင်သွင်းလာသော အစားအစာများ မှတ်ပုံတင်ခြင်းဆိုင်ရာ စီမံခန့်ခွဲရေးဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက်ဝင်လာပြီး ဖြစ်ပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်များအရ ပြည်ပမှ တင်သွင်းသည့် စားသောက်ကုန်ထုတ်လုပ်သူများ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးလုပ်ငန်းများ၊ တရုတ်နိုင်ငံသို့ အစားအစာများ တင်ပို့ရောင်းချသည့် နိုင်ငံရပ်ခြားမှ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် သိုလှောင်ခြင်း လုပ်ငန်းများ (အစားအသောက်ဖြည့်စွက်စာနှင့် အစားအသောက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများ အပါအဝင်) အားလုံးသည် GACC တွင် မှတ်ပုံတင်ရန် လိုအပ်ပါသည်။ GACC ၌ မှတ်ပုံတင်ထားသော ပြည်ပသို့ တင်ပို့ရောင်းချသူများ၊ ထုတ်လုပ်သူများနှင့် တရုတ်မှ တင်သွင်းသည့် အစားအစာ တင်သွင်းသူများကသာ တရုတ်နိုင်ငံ၏ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်ကို တရားဝင်ဖြတ်သန်းနိုင်မည် ဖြစ်ပါသည်။

## မှတ်ပုံတင်ရန် လိုအပ်သည့်စားသောက်ကုန်များ

၁၅။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အောက်ဖော်ပြပါ စားသောက်ကုန်ပစ္စည်းများကို တင်ပို့လိုသည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ အကြံပြုထောက်ခံချက် (Recommendation) ဖြင့် တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (The

General Administration of Customs of China - GACC) သို့ တင်ပြ လျှောက်ထားရန် လိုအပ်မည်ဖြစ်ပါသည် -

(က) အသားနှင့် အသားထုတ်ကုန်များ။

( ခ ) ရေထွက်ကုန်များ။

( ဂ ) နို့ထွက်ပစ္စည်းများ။

(ဃ) ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များ။

( င ) အခြားကုန်စည်အမျိုးအစားများ။

(၎င်းအောက်၌ ဘူးခွံများ၊ ပျားထွက်ကုန်များ၊ ကြက်ဥနှင့် ဥထွက် ပစ္စည်းများ၊ စားသုံးနိုင်သော အဆီနှင့် အဆီများ၊ အစာသွပ်ထားသည့် ပါစတာခေါက်ဆွဲများ၊ စားသုံးနိုင်သော အစေ့အဆန်များ၊ ကြိတ်ခွဲထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများနှင့် မေ့ (malt)၊ လတ်ဆတ်ပြီး အခြောက်ခံထားသည့် ဟင်းသီးဟင်းရွက်များနှင့် ပဲစေ့ခြောက်များ၊ ဟင်းခတ်အနှစ်များ၊ အခွံမာသီးများနှင့် အစေ့များ၊ သစ်သီးခြောက်များ၊ လှော်ထားခြင်းမရှိသော ကော်ဖီစေ့များနှင့် ကိုကိုးစေ့များ၊ ကျန်းမာရေး အထူးအစားအစာများ ပါဝင်ပါသည်။)

၁၆။ အထက်ဖော်ပြပါ ကုန်စည်အမယ် (၁၈) အုပ်စု၌ ပါဝင်သည့် ကုန်စည်များကို ထုတ်လုပ်တင်ပို့မည့် လုပ်ငန်းများ မှတ်ပုံတင်ရန်အသစ် လျှောက်ထားခြင်း၊ အချက်အလက်ပြည့်စုံခြင်းမရှိသည့် လုပ်ငန်းများ ပြန်လည် မှတ်ပုံတင်ရန် လျှောက်ထားခြင်းစသည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာန များ၏ တရားဝင်အကောင့်များဖြင့် https://cifer.singlewindow.cn သို့ ဝင်ရောက်လျှောက်ထားခြင်းကို လက်ခံဆောင်ရွက်ပေးလျက် ရှိပါသည်။ ကုန်စည်အမယ် (၁၈) အုပ်စု၌ ပါဝင်ခြင်းမရှိသည့်ကုန်စည်များကို ထုတ်လုပ်

တင်ပို့မည့် လုပ်ငန်းများအနေဖြင့်မူ https://cifer.singlewindow.cn သို့ ဝင်ရောက်၍ အကောင့်ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့လိုသည့် လုပ်ငန်းများအား အကြံပြုထောက်ခံချက်ပေးမည့်ဌာနများ၏ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည်စာရင်းများအား **နောက်ဆက်တွဲ ( ခ )** တွင် ပူးတွဲ၍ ဖော်ပြထားပါသည်။

၁၇။ အထက်ဖော်ပြပါစားသောက်ကုန်စာရင်းတွင် ပါဝင်သော ကုန်ပစ္စည်းတစ်မျိုးကို တရုတ်နိုင်ငံ၌ မှတ်ပုံ တင်ခဲ့ပါက GACC ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော https://ciferquery.singlewindow.cnပေါ်တွင် အများပြည်သူကြည့်ရှုနိုင်စေရန် ဖော်ပြထားပါသည်။ မှတ်ပုံတင်ပြီးသည့် လုပ်ငန်းတစ်ခုချင်းအနေဖြင့် ၎င်းဝက်ဘ်ဆိုက်အား မိမိတို့၏ သီးခြားအကောင့်များဖြင့် ဝင်ရောက်အသုံးပြုနိုင်ပါသည်။

၁၈။ ပြည်ပမှ တင်သွင်းသည့် စားသောက်ကုန် ထုတ်လုပ်သူများ မှတ်ပုံတင်ခြင်း သက်တမ်းမှာ ၅ နှစ် ဖြစ်ပါသည်။ သက်တမ်းကုန်ဆုံးရက်မတိုင်မီ ၃ လမှ ၆ လအတွင်း မှတ်ပုံတင်သက်တမ်းတိုး ကြိုတင်တိုးရန် လျှောက်လွှာကို GACC သို့ တင်ပြရမည် ဖြစ်ပါသည်။

## စားသောက်ကုန်ပစ္စည်းအညွှန်းအမှတ်အသားတပ်ဆင်ခြင်း

၁၉။ GACCအမိန့်အမှတ် ၂၄၈ [၂၀၂၁] နှင့် ၂၄၉ [၂၀၂၁]၊ အပိုဒ် ၂၈ အရ ပြည်ပမှ တင်သွင်းသည့် စားသောက်ကုန်များ တရုတ်နိုင်ငံသို့ ဆိုက်ရောက်လာချိန်၌ အောက်ဖော်ပြပါတို့ကို စစ်ဆေးမည်ဖြစ်ပါသည် -

(က) သယ်ယူပို့ဆောင်ရေးကိရိယာများနှင့် သိုလှောင်သည့်နေရာများမှာ ဘေးကင်းရေးနှင့် သန့်ရှင်းရေး လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ။

( ခ ) ကွန်တိန်နာနံပါတ်၊ တံဆိပ်နံပါတ်၊ အတွင်းနှင့် အပြင် ထုပ်ပိုးမှုတွင် တံဆိပ်ကပ်ခြင်းနှင့် ကုန်စည်၏ အမှန်တကယ် အခြေအနေသည် ကြေငြာချက်နှင့် ပူးတွဲပါ စာရွက်စာတမ်း များနှင့် ကိုက်ညီမှုရှိမရှိ။

( ဂ ) တိရစ္ဆာန် သို့မဟုတ် အပင်များ၏ မူရင်းအစားအစာအတွက်၊ ထုပ်ပိုးခြင်းနှင့် အိပ်ယာပစ္စည်းများသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တိရစ္ဆာန်နှင့် အပင်များကို ကန့်သတ်ဝင်ရောက် ခြင်းဆိုင်ရာဥပဒေ အကောင်အထည်ဖော်ရေး စည်းမျဉ်းများ နှင့်ကိုက်ညီခြင်း ရှိ၊ မရှိ။

(ဃ) အတွင်းနှင့်အပြင်ထုပ်ပိုးသည် အမျိုးသားအစားအစာ ဘေး ကင်းရေး စံနှုန်းများနှင့် ကိုက်ညီမှုရှိမရှိ၊ ညစ်ညမ်းမှု၊ ပျက်စီးမှု၊ ရေပျက်စီးမှု သို့မဟုတ် ယိုစိမ့်မှုရှိ၊ မရှိ၊

( င ) တံဆိပ်များ၊ အမှတ်အသားများနှင့် ထုပ်ပိုးမှုအတွင်းပိုင်းနှင့် ပြင်ပထုပ်ပိုးမှုဆိုင်ရာ ညွှန်ကြားချက်များမှာ ဥပဒေများ၊ စည်းမျဉ်းများ၊ အမျိုးသားအစားအစာ ဘေးကင်းရေး စံနှုန်း များနှင့် GACC စည်းမျဉ်းများနှင့်အညီ ဖြစ်၊ မဖြစ်။

( စ ) အစားအစာတွင် ပုံမှန် အသွင်အပြင်ရှိ၊ မရှိ။

(ဆ) အေးခဲထားသော အအေးခန်း အစားအစာများအတွက်၊ လတ်ဆတ်မှုနှင့် အလယ်အလတ် အပူချိန် လိုအပ်ချက် များနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ အနာများ ရှိ၊ မရှိ၊ အေးခဲထားသည့် ပတ်ဝန်းကျင်၏ အပူချိန်နှင့် အအေးခန်း၏ အပူချိန်မှာ သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ အအေး ကွင်းဆက်ရှိ အပူချိန်ထိန်းကိရိယာ ရှိ၊ မရှိ၊ ပုံမှန်လည်ပတ်မှု

နှင့် အပူချိန်မှတ်တမ်းများသည် လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ (လိုအပ်ပါက စမ်းသပ်မှုကို ပြုလုပ်နိုင်သည်။)။

၂၀။ တရုတ်နိုင်ငံသို့ တင်ပို့မည့် (အဖျော်ယမကာများအပါအဝင်) စားသောက်ကုန်များတွင် ၎င်းနိုင်ငံ၏ အမျိုးသားစားသောက်ကုန် စိတ်ချလုံခြုံရေးစံချိန်စံညွှန်းများအရ စားသောက်ကုန်ပစ္စည်းအညွှန်းအမှတ်အသားအား တပ်ဆင်ရန်လိုအပ်မည်ဖြစ်ကာ၊ အစားအသောက် တင်သွင်းမှု၏ ထုပ်ပိုးမှု၊ တံဆိပ်များနှင့် အမှတ်အသားများမှာ တရုတ်ဥပဒေ၊ စည်းမျဉ်းများ၊ အမျိုးသားစားနပ်ရိက္ခာဘေးကင်းရေး စံနှုန်းများနှင့် ကိုက်ညီရမည် ဖြစ်ပါသည်။

၂၁။ လတ်ဆတ်ပြီး အေးခဲထားသောအသားများ တင်သွင်းမှုအတွက်၊ အတွင်းနှင့်ပြင်ပထုပ်ပိုးမှုတွင် တရုတ်နှင့်အင်္ဂလိပ်ဘာသာဖြင့် သို့မဟုတ် တရုတ်ဘာသာဖြင့် တံဆိပ်များ ပါရှိရမည်ဖြစ်ပြီး လုံခြုံစွာရှင်းရှင်းလင်းလင်းနှင့် မှတ်သားရ လွယ်ကူသော တင်ပို့သည့်နိုင်ငံ (ဒေသ) ၏ ဘာသာစကားနှင့် တရုတ်ဘာသာဖြင့် ပုံသေတံဆိပ်များ ပါရှိရမည်။ အညွှန်းများတွင် နိုင်ငံ (ဒေသ)၊ ထုတ်ကုန်အမည်၊ ထုတ်လုပ်ရေးဌာန၏ မှတ်ပုံတင်နံပါတ်နှင့် အစုလိုက်နံပါတ် ပါရှိရမည်ဖြစ်ပါသည်။ ပြင်ပထုပ်ပိုးမှုတွင် ကုန်ပစ္စည်း သတ်မှတ်ချက်၊ ထုတ်လုပ်သည့်နေရာ (အထူးပြည်နယ်/ ပြည်နယ်/မြို့)၊ ဦးတည်ရာ၊ ထုတ်လုပ်သည့်ရက်စွဲ၊ သိုလှောင်မှုသက်တမ်း၊ သိုလှောင်မှုအပူချိန် စသည်ဖြင့် တရုတ်လို အညွှန်းတစ်ခုပါရှိရမည်။ ဦးတည်ရာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် အမှတ်အသားပြုရမည်။ တင်ပို့သည့်နိုင်ငံ (ဒေသ)၏ တရားဝင်စစ်ဆေးခြင်းနှင့် သီးခြားထားရှိထားပြီးဖြစ်ကြောင်း quarantine တံဆိပ်များ ကပ်ထားရမည်။

၂၂။ ရေထွက်ပစ္စည်းတင်သွင်းခြင်းအတွက်၊ အတွင်းနှင့်အပြင်ထုပ်ပိုးမှုတွင် တရုတ်နှင့် အင်္ဂလိပ် သို့မဟုတ် တရုတ်ဘာသာဖြင့် တံဆိပ်များပါရှိပြီး

တင်ပို့သည့်နိုင်ငံ (ဒေသ)၏ ဘာသာစကားသည် ခိုင်မာပြတ်သားပြီး အသိအမှတ်ပြုရလွယ်ကူစေရမည်။ အညွှန်းတွင် ကုန်စည်အမည်နှင့် သိပ္ပံအမည်၊ ထုတ်ကုန်သတ်မှတ်ချက်များ၊ ထုတ်လုပ်သည့်ရက်စွဲ၊ အသုတ်နံပါတ်၊ သိုလှောင်မှုသက်တမ်းနှင့် သိုလှောင်မှုအခြေအနေ၊ ထုတ်လုပ်မှုနည်းလမ်းများ (ပင်လယ်ဖမ်း၊ ရေချိုဖမ်း၊ သို့မဟုတ် ငါးပုစွန်)၊ ထုတ်လုပ်မှု ဧရိယာ (ပင်လယ်ငါးဖမ်းဧရိယာ၊ ရေချိုငါးဖမ်းသည့်နိုင်ငံ သို့မဟုတ် ဒေသ၊ နိုင်ငံ သို့မဟုတ် ဒေသ)၊ ရေချိုငါးဖမ်းထွက်ပစ္စည်းများမှ ထွက်လာသည့် နိုင်ငံ သို့မဟုတ် ဒေသ၊ ထုတ်လုပ်မှုနှင့် စီမံဆောင်ရွက်ပေးသည့် စက်ရုံများ (ငါးဖမ်းသင်္ဘောများ၊ စီမံဆောင်ရွက်သည့် ရေယာဉ်များ၊ သယ်ယူပို့ဆောင်ရေး ရေယာဉ်များ အပါအဝင်)၊ နောက်ဆုံးရောက်ရှိမည့်နိုင်ငံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် အမှတ်အသားပြုချက်များ ပါဝင်ရမည်။

၂၃။ အထူးအစားအစာ ရည်ရွယ်ချက်များအတွက် တင်သွင်းလာသော ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ၏ တရုတ်တံဆိပ်များကို အနည်းဆုံး ရောင်းချမည့် အထုပ်/ ဗူးများပေါ်တွင် ရိုက်နှိပ်ရမည်။ တရုတ်တံဆိပ်များ မကပ်ရပါ။

၂၄။ အစားအသောက်တင်သွင်းခြင်း၏ အတွင်းနှင့် အပြင်ထုပ်ပိုးမှုတွင် အထူးအမှတ်အသား/ လိုဂိုများ တပ်ဆင်ရန်လိုအပ်ပါက၊ ယင်းလိုအပ်ချက်များကို လိုက်နာရမည် ဖြစ်ပါသည်။ အထူးသဖြင့် ပါဝင်ပစ္စည်းများ၊ ထုတ်လုပ်သည့်နေ့စွဲ၊ အနည်းဆုံးတာရှည်ခံရက်စွဲ/ အကောင်းဆုံးစားသုံးနိုင်သည့်နေ့စွဲ (Date of minimum durability - best before)၊ သက်တမ်းကုန်ဆုံးမည့်ရက်၊ အစီအစဉ်စနစ် (Configuration)၊ ပါဝင်ပစ္စည်းများ စာရင်းနှင့် အာဟာရတန်ဖိုးဖော်ပြချက်၊ ဓာတ်မတည့်မှုများ၊ အသားတင် အလေးချိန်၊ ထုတ်လုပ်သူနှင့် ဖြန့်ချိသူတို့၏ အမည်၊ လိပ်စာနှင့် ဆက်သွယ်ရမည့် သတင်းအချက်

အလက်၊ သိုလှောင်ထားရှိရမည့် အခြေအနေများ၊ ထုတ်လုပ်သည့်ဒေသ ဖော်ပြချက်ကို ဖော်ပြပေးရမည် ဖြစ်ပါသည်။

**တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များ**

**အဆင့်(၁) သွင်းကုန်တင်သွင်းသူနှင့် ပို့ကုန်တင်ပို့သူ မှတ်ပုံတင်မှုပြီးမြောက်ရန်လိုအပ်ခြင်း**

၂၅။ တရုတ်နိုင်ငံသို့ ကုန်သွယ်လိုသည့် နိုင်ငံခြားတင်ပို့သူအနေဖြင့် အထွေထွေကုန်သွယ်တင်ပို့သူ သို့မဟုတ် နယ်စပ်ဖြတ်ကျော် e-commerce ဆောင်ရွက်သူဟူသည့် နည်းလမ်း ၂ သွယ်ရှိပါသည်။ မည်သည့်နည်းလမ်းတွင်မဆို တင်ပို့သူများအားလုံးနှင့် နိုင်ငံခြားမှ စားသောက်ကုန်နှင့် အလှကုန်တင်သွင်းသူများအားလုံးတို့မှာ "Registration Systems of Imported Food and Cosmetic Importers and Exporters" (http://ire.customs.gov.cn) သို့မဟုတ် GACC ၏ "Internet + customs platform" (http://english.customs.gov.cn/)မှတဆင့် မှတ်တမ်းဝင်ထားရမည် ဖြစ်ပါသည်။

၂၆။ အကယ်၍ နိုင်ငံခြားတင်ပို့သူက တရုတ်မှ တင်သွင်းသူအား အကောက်ခွန်ရှင်းလင်းရေးဆောင်ရွက်ရန် (နှင့် လိုအပ်ပါက ကုန်ပစ္စည်းအား သီးခြားထား၍ စောင့်ကြည့်ရန်) ရွေးချယ်ခဲ့ပါက GACC မှ ထိန်းသိမ်းထားသည့် တရုတ်၏ မှတ်ပုံတင်စနစ်ဖြစ်သော National Enterprise Credit Information Publicity System (http://www. gsxt.gov.cn/index.html) အား အသုံးပြု၍ သွင်းကုန်တင်သွင်းသူ၏ လုပ်ဆောင်ချက်များအား ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အလားအလာရှိသော တင်သွင်းသူရှာဖွေခြင်းပြုနိုင်သော အခြေခံတရားဝင်အချက်အလက်များကို စုစည်း ကြည့်ရှုနိုင်ပါသည်။ ထို့ပြင် အသားနှင့် ကျန်းမာရေးပစ္စည်းများကဲ့သို့သော အချို့ပစ္စည်းများမှာ

စိတ်ချလုံခြုံရေး လိုအပ်ချက်များ အလွန်များပြားသဖြင့် ထပ်မံ၍ မှတ်ပုံတင်ရန် လိုအပ်ပါသည်။

## အဆင့် (၂) စာရွက်စာတမ်းပြင်ဆင်ခြင်း၊ သွင်းကုန်လိုင်စင်ကြိုတင် လျှောက်ထားခြင်းနှင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်း

### (က) အကောက်ခွန်ရှင်းလင်းရန် လိုအပ်သည့် စာရွက်စာတမ်းများ

၂၇။ တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းသော စားသောက်ကုန်များအတွက် စာရွက်စာတမ်းလိုအပ်ချက်များမှာ တင်းကြပ်ပြီး ရှုပ်ထွေးပါသည်။ ကုန်ပစ္စည်းအား သင်္ဘောတင်ပို့ခြင်းမပြုမီ နှစ်ဘက်လုပ်ငန်းရှင်များအနေဖြင့် အရည်သွေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ပင်ရင်းနိုင်ငံဖြစ်ခြင်းနှင့် သွင်းကုန်ထိန်းချုပ်ရေးတို့နှင့် သက်ဆိုင်သော အထောက်အထားများကို ထုပ်ပိုးမှုစာရင်းနှင့် ထုပ်ပိုးထားသော အရာဝတ္ထုတို့၏ ဖော်ပြချက်တို့နှင့်တကွ လျော်ကန်စွာ ပေးပို့ကြရန်လိုပါသည်။

၂၈။ ၎င်းအထောက်အထားများကို တရုတ်နိုင်ငံသို့ သင်္ဘောရောက်ရှိပြီးမှသာလျှင် ပြန်လည်သုံးသပ်ကြည့်ရှု ကြပါသည်။ ထို့ကြောင့် နှောင့်နှေးမှုများနှင့် သိုလှောင်ထိန်းသိမ်းထားရသည့် စရိတ်စကများကို ရှောင်ရှားရန် ၎င်းအထောက်အထား အစစ်အမှန်များကို တင်ပို့သူဘက်မှ ပြီးပြည့်စုံစွာ လျှောက်ထားရယူထားရပါမည်။

၂၉။ တင်သွင်းမည့်ကုန်ပစ္စည်းအတွက် Harmonized System (HS) codes၊ သွင်းကုန်အကောက်ခွန်နှုန်း၊ စာရွက်စာတမ်းများ၊ လိုင်စင်များနှင့် စမ်းသပ်ရန် လိုအပ်ချက်များအား တရုတ်အကောက်ခွန်၏ website (http://english.customs. gov.cn/) တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

၃၀။ စာရွက်စာတမ်းလိုအပ်ချက်များမှာ ကုန်ပစ္စည်းများနှင့်ကုန်ပစ္စည်းအမျိုးအစားအုပ်စုများအကြား ပြောင်းလဲသော်လည်း တရုတ်နိုင်ငံသို့

စားသောက်ကုန်များတင်သွင်းမည့် ပို့ကုန်တင်ပို့သူများအနေဖြင့် အောက်ဖော်ပြပါတို့ကို ကြိုတင် ပြင်ဆင်ထားရန်လိုအပ်ပါသည် -

(က) ကုန်ပစ္စည်းအမှာစာ (Commercial invoice)

( ခ ) Packaging listအသေးစိတ်

( ဂ ) သင်္ဘောတင် ကုန်တင်တန်ဆာ (Bill of lading)

(ဃ) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate for export from country of origin)

( င ) သန့်ရှင်းမှုရှိကြောင်း/ကျန်းမာရေးထောက်ခံချက် (Hygiene/Health certificate)

( စ ) (သောက်သုံးရမည့်ကုန်ပစ္စည်းများဖြစ်ပါက) ပုလင်းထဲထည့်သွင်းသည့် နေ့ လက်မှတ် (Certificate of bottling date)

(ဆ) Certificate of free sale

( ဇ ) မူရင်းတံဆိပ်၏ နမူနာ (Sample of original label)

( ဈ ) တရုတ်တံဆိပ်၏ နမူနာ

(ည) AQSIQမှ ထုတ်ပေးသည့် စမ်းသပ်စစ်ဆေးထားကြောင်း အထောက်အထား

## (ခ) သွင်းကုန်တင်သွင်းမှုမပြုမီ လိုင်စင်လျှောက်ထားခြင်း

၃၁။ ယေဘုယျအားဖြင့် တရုတ်နိုင်ငံသို့ တင်သွင်းသော စားသောက်ကုန်များအတွက် သွင်းကုန်လိုင်စင် ကြိုတင် လျှောက်ထားရန် မလိုအပ်ပါ။ သို့ရာတွင် မွေးမြူရေး သို့မဟုတ် နို့ထွက်ပစ္စည်းများကဲ့သို့သော အလိုအလျောက် သွင်းကုန်လိုင်စင် စီမံခန့်ခွဲရေးအတွက် ၂၀၁၉ ခုနှစ်က ထုတ်ပြန်ခဲ့သော

ကုန်ပစ္စည်းအမျိုးအစားအုပ်စု (*2019 Goods Catalogue for Automatic Import License Management*)တွင် ပါဝင်သည့် ကုန်ပစ္စည်းများရှိပါက တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM)က ထုတ်ပေးသည့် အလိုအလျောက် သွင်းကုန်လိုင်စင်ကို လျှောက်ထားရမည် ဖြစ်ပါသည်။

၃၂။ ထို့ပြင် ဂျုံ၊ ပြောင်း၊ ဆန်နှင့် သကြားကဲ့သို့သော သွင်းကုန်ပမာဏ အရေအတွက်ကန့်သတ်ထားသည့် စားသောက်ကုန်များရှိပါက စိုက်ပျိုးရေးဆိုင်ရာကုန်ပစ္စည်းများ သွင်းကုန်အကောက်ခွန်အရေအတွက် ကန့်သတ်မှု လက်မှတ် (*Agricultural Products Import Tariff Quotas Certificate*) အား ရယူရန် လိုအပ်ပါသည်။

### (ဂ) ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း

၃၃။ တရုတ်နိုင်ငံသည် ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်၍ အသိအမှတ်ပြုရာတွင် ပထမဆုံးလာရောက် မှတ်ပုံတင်သောစနစ်ကို ကျင့်သုံးပြီး ၎င်း၏ ကိုယ်ပိုင်တရားစီရင်ပိုင်ခွင့်အတွင်း၌သာလျှင် အသိအမှတ်ပြုသည် ဖြစ်ရာ နိုင်ငံခြားလုပ်ငန်းများအတွက် ၎င်း၏ တံဆိပ်ကို ကာကွယ်ရန် တရုတ်နိုင်ငံ၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းမှာ အဓိကခြေလှမ်း တစ်လှမ်း ဖြစ်ပါသည်။

၃၄။ တရုတ်နိုင်ငံမှ ပစ္စည်းအတုအပထုတ်လုပ်သူများနှင့် အငြင်းပွားမှု ဖြစ်ပွားခြင်းနှင့် ကုန်အမှတ်တံဆိပ် တရားမဝင်အသုံးပြုခံရခြင်းတို့မှ ရှောင်ရှားရန် ဆန္ဒရှိသူတို့အတွက် မိမိကုန်ပစ္စည်း၏ ပုံရိပ်ကောင်းအား ထိခိုက်ပျက်စီးမှုမဖြစ်စေရန်၊ ဖောက်သည်နှင့် ဝင်ငွေဆုံးရှုံးမှုများမဖြစ်ပေါ်စေရန်နှင့် အချိန်ကုန်ပြီး ငွေကုန်ကြေးကျများသော တရားတဘောင်ရင်ဆိုင်ရခြင်း ဖြစ်ပေါ်ခြင်းမရှိစေရန် ဤအဆင့်အား မဖြစ်မနေ ဆောင်ရွက်ထားရပါမည်။

၃၅။ မြန်မာကုမ္ပဏီများအနေဖြင့်လည်း ကုန်အမှတ်တံဆိပ် လျှောက်ထားမှုများကို ဆောင်ရွက်ကြရန် အကြံပြုလိုပြီး၊ အကယ်၍ တရုတ်နိုင်ငံ၌ ကိုယ်စားလှယ် သို့မဟုတ် ရုံးခွဲမရှိပါက လျှောက်ထားပေးရန် တရားဝင် လုပ်ကိုင်ခွင့် ရထားသော ကိုယ်စားလှယ်မှတဆင့် National Intellectual Property Administration (CNIPA) ၏ ကုန်အမှတ်တံဆိပ်ရုံးသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

## ကုန်ပစ္စည်းအညွှန်းအမှတ်အသားတပ်ဆင်ခြင်း

၃၆။ တရုတ်နိုင်ငံသို့ တင်သွင်းလာသော စားသောက်ကုန်အမယ်တိုင်းအပေါ် အကောက်ခွန်ရှင်းလင်းမှုပြီးစီးရန်အတွက် တရုတ်ဘာသာဖြင့် ရိုးရှင်းစွာ ကုန်ပစ္စည်း အညွှန်းအမှတ်အသားတပ်ဆင်ရန် လိုအပ်ပါသည်။ တရုတ်နိုင်ငံတွင် အစားအသောက်နှင့် အဖျော်ယမကာများ၏ အပြင်အဆင်နှင့် ပါဝင်ပစ္စည်းအပေါ် အထူးပြုလျက် အညွှန်းတပ်ဆင်ရန် စည်းမျဉ်းစည်းကမ်း အချို့ရှိရာ အောက်ဖော်ပြပါ အချက်အချို့ ပါဝင်ပါသည် -

(က) ကြိုတင်ပြင်ဆင်ထုပ်ပိုးထားသော အစားအသောက်များအတွက် ကုန်ပစ္စည်းအညွှန်းတပ်ဆင်ရမည့် စည်းမျဉ်းများ (Label rules for pre- packaged food)။

( ခ ) ကြိုတင်ပြင်ဆင်ထုပ်ပိုးထားသော အထူးအာဟာရအသုံးပြုမှုများအတွက် ကုန်ပစ္စည်းအညွှန်း တပ်ဆင်ရမည့် စည်းမျဉ်းများ (Label rules for pre-packaged food for special dietary uses)။

( ဂ ) ကြိုတင်ပြင်ဆင်ထုပ်ပိုးထားသော အစားအသောက်များ၏ အာဟာရဆိုင်ရာကုန်ပစ္စည်းအညွှန်းအတွက် တပ်ဆင်ရမည့်

စည်းမျဉ်းများ (Label rules for pre-packaged food's nutritional labeling)နှင့်

(ဃ) ကြိုတင်ပြင်ဆင်ထုပ်ပိုးထားသော အယ်လ်ကိုဟောပါဝင်သည့် အဖျော်ယမကာများအတွက် ကုန်ပစ္စည်းအညွှန်းတပ်ဆင်ရမည့် စည်းမျဉ်းများ (Label rules for pre-packaged alcoholic beverage)။

၃၇။ ယေဘုယျအားဖြင့် အညွှန်းတပ်ဆင်ရာတွင် အောက်ဖော်ပြပါတို့ကို ဖော်ပြရပါမည် -

(က) အစားအစာ၏ စံသတ်မှတ်ထားသော အမည်။

( ခ ) ပါဝင်ပစ္စည်းများ၏ ရာခိုင်နှုန်းစာရင်းနှင့် အာဟာရတန်ဖိုး ဖော်ပြချက်။

( ဂ ) ထုတ်လုပ်သူများ၏ အမည်နှင့် လိပ်စာ၊ ပြည်တွင်း ကိုယ်စားလှယ် သို့မဟုတ် ဖြန့်ဖြူးသူ။

(ဃ) ထုတ်လုပ်သည့်နေ့စွဲ၊ အကောင်းဆုံးစားသုံးရမည့်နေ့ရက်၊ နောက်ဆုံးထား စားသုံးရမည့်နေ့ရက်နှင့် သိုလှောင်ရမည့် လမ်းညွှန်ချက်။

( င ) ပင်ရင်းနိုင်ငံ။

( စ ) အရည်အသွေးအဆင့်။

(ဆ) ထုတ်လုပ်မှုအတွက် အမျိုးသားအဆင့် စံချိန်စံညွှန်း/ လုပ်ငန်းအဆင့် စံချိန်စံညွှန်းကုဒ်နှင့်

( ဇ ) အထူးဖော်ပြချက်များ (ရှိပါက)

၃၈။ အညွှန်းတပ်ဆင်မှုများအားလုံးအား AQSIQ အောက်ရှိ Chinese Inspection and Quarantine (CIQ)က အတည်ပြုရမည်ဖြစ်ပါသည်။

တရုတ်တွင် ကုန်ပစ္စည်းအညွှန်း တပ်ဆင်ရန်လိုအပ်ချက်များမှာ ပြောင်းလဲနိုင်သောကြောင့် နောက်ဆုံးဖြစ်သော ကုန်ပစ္စည်းအညွှန်းတပ်ဆင်ရန် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် ကျွမ်းကျင်သူများနှင့် တိုင်ပင်သင့်ပါသည်။

## အဆင့် (၄) ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာဖြစ်ကြောင်း စစ်ဆေးချက်နှင့် အကောက်ခွန်ရှင်းလင်းခြင်း(CIQ)

၃၉။ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းရောက်ရှိသည်နှင့် စားသောက်ကုန်များ၏ သင်္ဘောတင်အထောက်အထားများနှင့် အညွှန်းတပ်ဆင်ရမည့် လိုအပ်ချက်များ ပြည့်စုံခြင်း ရှိ၊ မရှိတို့အား ပြန်လည်သုံးသပ်ရေးအတွက် အကောက်ခွန်အရာရှိများက စစ်ဆေးမှု ပြုလုပ်ပါသည်။ ၎င်းလုပ်ငန်းစဉ်မှာ ပထမအကြိမ်တင်ပို့သူများအတွက် ပိုမိုရှုပ်ထွေးသော်လည်း ပထမအကြိမ် အောင်မြင်စွာတင်သွင်းပြီးနောက် နောင်တင်သွင်းမှုများတွင် များစွာလွယ်ကူ သက်သာသွားမည်ဖြစ်ပါသည်။

### (က) အကောက်ခွန်ရှင်းလင်းခြင်းနှင့် စစ်ဆေးခြင်းအဆင့်များကို အောင်မြင်စွာကျော်ဖြတ် လာနိုင်သည့် ကုန်ပစ္စည်းများ

၄၀။ အကောက်ခွန်ရှင်းလင်းခြင်းနှင့် စစ်ဆေးခြင်းအဆင့်များကို အောင်မြင်သည့် စားသောက်ကုန်များအတွက် တရုတ်အကောက်ခွန်ဌာနမှ အသိအမှတ်ပြုထားသော China Entry-Exit Inspection and Quarantine Bureau (CIQ) မှ တင်သွင်းသည့် စားသောက်ကုန်များကို စစ်ဆေးပြီးကြောင်း လက်မှတ်ထုတ်ပေးပြီး၊ တရုတ်နိုင်ငံသို့ တင်သွင်းခွင့် ရရှိမည်ဖြစ်ပါသည်။ ၎င်းလက်မှတ်အား ကုန်ပစ္စည်း၏ သင်္ဘောတင်ပို့မှုတိုင်းအတွက် ထုတ်ပေးပါသည်။

### (ခ) အထောက်အထားပြည့်စုံမှုမရှိသော ကုန်ပစ္စည်းများ

၄၁။ အကယ်၍ သဘော်ာတင်ပို့လာသည့် ကုန်ပစ္စည်းများတွင် အထောက်အထားတစ်စုံတစ်ရာ ပါဝင်မလာသည့်အတွက် အကောက်ခွန်က ဖမ်းဆီးခဲ့လျှင် ၎င်းလိုအပ်နေသော အထောက်အထားအား ထပ်မံတင်ပြခြင်း သို့မဟုတ် CIQ ကြေငြာမှုပြုလုပ်ခြင်း နှစ်ရပ်အနက် မည်သည်ကိုမဆို သက်ဆိုင်သည့်လုပ်ငန်းဘက်မှ ပြုလုပ်ပေးနိုင်သည်။ CIQ ကြေငြာချက်ရရှိရန် လုပ်ငန်းလိုင်စင်၊ သွင်းကုန်လိုင်စင်၊ ကိုတာလက်မှတ်၊ စိတ်ချလုံခြုံမှုနှင့် ကိုက်ညီကြောင်း ကြေငြာချက်၊ ကုမ္ပဏီအကြောင်း မိတ်ဆက်နှင့် ကုန်ပစ္စည်း အချက်အလက်အသေးစိတ်တို့အား တင်ပြရမည်ဖြစ်ပါသည်။

### (ဂ) အကောက်ခွန်ရှင်းလင်းခြင်းနှင့် စစ်ဆေးခြင်းအဆင့်များကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့် ကုန်ပစ္စည်းများ

၄၂။ အကောက်ခွန်ရှင်းလင်းရန်ပျက်ကွက်သော သွင်းကုန်များကို GACC ကြီးကြပ်မှုအောက်၌ ပြန်လည်စစ်ဆေးရန် သို့မဟုတ် ပြန်လည်ပေးပို့ရန်သတိပေးစာကို ထုတ်ပြန်ကာ မူလတင်ပို့သူထံသို့ ကုန်ပစ္စည်းအား ပြန်လည် ပေးပို့စေခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်းကို ဆောင်ရွက်ပါသည်။

၄၃။ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ အကျိုးအမြတ်များစွာရရှိနိုင်သော ဈေးကွက်သို့ ဝင်ရောက်ရန် တစ်ကမ္ဘာလုံးမှ အစားအသောက်တင်ပို့သူများအတွက် အခွင့်အလမ်းများစွာကို ဖွင့်ပေးထားပါသည်။ သို့ရာတွင် ပြည်တွင်းစနစ်ကြောင့် ပထမဆုံးအကြိမ် တင်ပို့သူများအတွက် တရုတ်နိုင်ငံ၏ အစားအသောက်နှင့် အဖျော်ယမကာတင်သွင်းမှု လုပ်ငန်းစဉ်မှာ အလွန်ခက်ခဲရှုပ်ထွေးပါသည်။ အထက်တွင် ဖော်ပြခဲ့သော အဆင့်များမှာ လုပ်ငန်းရှင်များအတွက် ပိုမိုထိရောက်၍ အဆင်ပြေချောမွေ့စေရန် အကျဉ်းချုပ် ပြုစုပေးထား

ခြင်းဖြစ်ပြီး၊ နိုင်ငံခြားမှ လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အတွင်း၌လည်းကောင်း၊ ဥပဒေနှင့် လုပ်ရိုးလုပ်စဉ်ပိုင်း၌လည်းကောင်း အဆင်ပြေချောမွေ့စေရန် တရုတ် ပြည်တွင်းမှ ကျွမ်းကျင်သူများ၏ အကြံပေးမှုများကိုလည်း ရယူသင့်ပါသည်။

**တရုတ်နိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့်သူများထံ အကြံပြုချက်**

၄၄။ တရုတ်အကောက်ခွန်ဌာနမှ ရရှိသော ၂၀၁၉ ခုနှစ်၏ စာရင်းများအရ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းအချို့အား တရုတ်နိုင်ငံ၏ ပြည်နယ်အချို့သို့ တရားဝင် တင်ပို့ထားခဲ့ပြီး၊ ကုန်စည်ပြပွဲများတွင် လာရောက်ပြသခြင်းဖြင့်လည်း တဖြည်းဖြည်း လူသိများလာပြီဖြစ်ပါသည်။ သို့ရာတွင် တရုတ်၏ သွင်းကုန်ပစ္စည်းစုစုပေါင်းအနက် မြန်မာစားသောက်ကုန်ပစ္စည်းများ တင်သွင်းမှု၏ ပါဝင်မှုရာခိုင်နှုန်းမှာ အလွန်နည်းပါးနေဆဲဖြစ်ပါသည်။

၄၅။ ထိုကဲ့သို့နည်းပါးနေရခြင်းမှာ တရုတ်နိုင်ငံဘက်သို့ တရားဝင်ရောက်ရှိလာသော ကုန်ပစ္စည်းများ နည်းပါးနေသေးခြင်းကြောင့် ဖြစ်နိုင်သကဲ့သို့၊ တရုတ်ဝယ်လိုသူများ၏ လိုအပ်ချက်အတိုင်း မြန်မာစားသောက်ကုန်များက (ထုပ်ပိုးမှုမှစ၍ အရသာအထိ) ထုတ်လုပ်နိုင်ခြင်းအားနည်းနေသောကြောင့် ဖြစ်နိုင်ပါသည်။

၄၆။ တရားဝင်ရောက်ရှိမှု နည်းပါးနေသေးသည်ဟုဆိုလိုရခြင်းမှာ လက်ရှိအချိန်တွင်တရုတ်နိုင်ငံသို့ တစ်နိုင်တစ်ပိုင် တင်ပို့ရောင်းချနေသည့် မြန်မာစားသောက်ကုန်များကို နယ်စပ်ဒေသမှတစ်ဆင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြင့် ပို့ဆောင်နေကြရာ၊ ၎င်းပစ္စည်းများမှာ ပုဂ္ဂိုလ်ရေးသုံး/တစ်ကိုယ်ရေသုံးပစ္စည်းအနေဖြင့်သာ အကျုံးဝင်ပါသည်။ ထိုသို့သော ပစ္စည်းမျိုးကို စီးပွားဖြစ်ရောင်းဝယ်ခြင်းနှင့် အွန်လိုင်းပေါ်မှ တရားဝင် ရောင်းချနိုင်ခြင်းမျိုးမရှိဘဲ၊ နားလည်မှုဖြင့်သာ ရောင်းဝယ်နေကြရပါသည်။ တစ်နည်းအား

ဖြင့်ဆိုရသော် တင်သွင်းလာချိန်၌ တရုတ်နိုင်ငံဘက်ရှိ အကောက်ခွန်ဌာနတွင် ကြေငြာခြင်းနှင့် အကောက်ခွန်ရှင်းလင်းမှုများပြုလုပ်ခြင်းမရှိသည့်အတွက် ၎င်းနိုင်ငံ၏ ဈေးကွက်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများဖြင့် ညီညွတ်ခြင်း မရှိရာ အလွန်ဆုံးရှုံးနိုင်ခြေများပြားပါသည်။ ထို့ကြောင့် မြန်မာစားသောက် ကုန်များကို တရားဝင် ဝယ်ယူကာ အကောက်ခွန်ရှင်းလင်းပေးနိုင်မည့် မှန်ကန် မှုရှိသည့် တရုတ် ဝယ်လက်မျိုးကို ရှာဖွေချိတ်ဆက်ရန်လိုအပ်ပါသည်။

၄၇။ အကယ်၍ တရုတ်စားသုံးသူများအကြိုက် ထုတ်လုပ်နိုင်မှုတွင် အားနည်းနေခြင်းဖြစ်ပါက ၎င်းတို့ အကြိုက်စားသောက်ကုန်ပစ္စည်းများ ပြုပြင် ပြောင်းလဲထုတ်လုပ် မည်ဆိုလျှင် ဈေးကွက်အခွင့်အလမ်းသစ်ရရှိနိုင်မည့် အနေအထားဖြစ်ပါသည်။ ၎င်းအခြေအနေအတွက် တရုတ်ဘက်မှ အကျိုးတူ ရင်းနှီးမြှုပ်နှံမည့်သူများကို ဖိတ်ခေါ်နိုင်ရန် ကြိုးပမ်းသင့်ပါသည်။

၄၈။ မြန်မာစားသောက်ကုန်များမှာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံကုန်ပစ္စည်းများ ဖြစ်ကြ၍ ၎င်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ပေးခြင်း ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကိုလည်း မြှင့်တင်ပေးရာ ကျပေမည်။ တစ်နည်းအားဖြင့် ကုန်ကြမ်းများအတိုင်းတင်ပို့ခြင်းထက် တန်ဖိုး မြှင့်ကုန်စည်များကို တင်ပို့ခြင်းက ဆုံးရှုံးမှုလည်းနည်း၊ ဈေးကွက်လည်း ပိုဝင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ မြှင့်တင်ပေးရန်အတွက် လစ်ဟာနေသည့် ဝယ်လိုအားနှင့် ရောင်းလိုအားကြားမှ ကွင်းဆက်ကိုလည်းကောင်း၊ ထုတ်လုပ် ရောင်းချလိုသည့်ဘက်မှ အားနည်းချက်များကို ပြင်ဆင်ရန်လည်းကောင်း ဆောင်ရွက်ရမည့်ကာလကို ရောက်လာပြီဖြစ်ပါသည်။

၄၉။ ပိုမိုဖွံ့ဖြိုးလာသည့် တရုတ်နိုင်ငံ၏ စားသောက်ကုန်ဈေးကွက် အတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်စေရေး အတွက် မြန်မာလုပ်ငန်းရှင်များ အနေဖြင့် တရုတ်စားသုံးသူများ၏ စားသောက်ကုန်များအပေါ် စိတ်ချလုံခြုံမှု

ရှိ၊ မရှိ ပူပန်လာမှုများ၊ ကျန်းမာရေးအတွက် ကောင်းမွန်သောအစားအသောက်များကို ခုံမင်လာမှုများအပေါ် အခြေခံလျက် ၎င်းတို့၏စိတ်ကြိုက်အရသာ၊ ထုပ်ပိုးမှုနှင့် အရည်အသွေးစသည့် ဈေးကွက်အခြေအနေတို့ကို သေချာစွာလေ့လာထားသင့်ပါသည်။ ထို့ပြင် တရားဝင်တင်သွင်းနိုင်စေရေးအတွက် ဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ ကုန်ပစ္စည်းအညွှန်း အမှတ်အသားတပ်ဆင်မှုများကိုလည်း ကြိုတင်လေ့လာ၍ ပြင်ဆင်ထားသင့်ပါသည်။ သို့မှသာ ကုန်စည်ပြပွဲများ၊ Business Matching များနှင့် တရုတ်နိုင်ငံမှ စုံစမ်းမေးမြန်းလာမှုများရှိသည့်အခါ မိမိဘက်မှအသင့်အနေအထား ရှိနေမည်ဖြစ်ကာ၊ ညှိနှိုင်းဆွေးနွေးကြရာ၌ အသာစီးရရှိမည်ဖြစ်ကြောင်း အကြံပြုရေးသားအပ်ပါသည်။

နောက်ဆက်တွဲ(က)

မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့(နယ်စပ်ကုန်သွယ်ရေးနည်းလမ်းအပါအဝင်)
တင်ပို့ခဲ့သောစားသောက်ကုန်များ၏စာရင်း(H.S Code အလိုက်)

| H.S Chapter | Description | City | USD | တရုတ်နိုင်ငံ၏ အခြားနိုင်ငံမှ တင်သွင်းသည့် စားသောက်ကုန်များ တွင် မြန်မာမှ ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| 07 | Edible vegetables and certain roots and tubers | Beijing | 27,971,867 | 5.58% |
| | | Tianjin | 7,031,147 | |
| | | Hebei Province | 44,176,515 | |
| | | Inner Mongolia Autonomous Region | 222,097 | |
| | | Liaoning Province | 22,318,851 | |
| | | Jilin Province | 1,873,306 | |
| | | Shanghai Province | 5,015,715 | |
| | | Jiangsu Province | 1,919,918 | |
| | | Zhejiang Province | 4,115,380 | |
| | | Anhui Province | 53,484,505 | |
| | | Fujian Province | 7,544,598 | |
| | | Shandong Province | 98,791,229 | |
| | | Henan Province | 14,634,417 | |
| | | Hubei Province | 434,772 | |
| | | Hunan Province | 890,848 | |
| | | Guangdong Province | 48,975,754 | |
| | | Guangxi Zhuang Autonomous Region | 16,585,308 | |
| | | Sichuan Province | 569,651 | |
| | | Guizhou Province | 215,145 | |
| | | Yunnan Province | 114,796,919 | |
| | | Shaanxi Province | 20,164,797 | |
| | | Gansu Province | 303,982 | |
| | | Xingjiang Uygur Autonomous Region | 1,174,782 | |

| H.S Chapter | Description | City | USD | တရုတ်နိုင်ငံ၏ အခြားနိုင်ငံမှ တင်သွင်းသည့် စားသောက်ကုန်များ တွင် မြန်မာမှ ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| 08 | Edible fruit and nuts; peel of citrus fruit or melons | Tianjin | 2,979,005 | 0.27% |
| | | Shanghai Province | 23,736 | |
| | | Zhejiang Province | 77,268 | |
| | | Fujian Province | 326,174 | |
| | | Shandong Province | 971,113 | |
| | | Henan Province | 86,204 | |
| | | Guangdong Province | 10,934,008 | |
| | | Guangxi Zhuang Autonomous Region | 266,530 | |
| | | Yunnan Province | 25,522,223 | |
| 09 | Coffee, tea, mate and spices | Tianjin | 3,541,108 | 1.95% |
| | | Hebei Province | 57,490 | |
| | | Jiangsu Province | 430,982 | |
| | | Zhejiang Province | 2,439,746 | |
| | | Shandong Province | 695,717 | |
| | | Guangdong Province | 4,005,695 | |
| | | Guangxi Zhuang Autonomous Region | 358,067 | |
| | | Chongqing | 66,825 | |
| | | Yunnan Province | 15,840,201 | |
| | | Shaanxi Province | 775,970 | |
| 10 | Cereals | Beijing | 53,575,354 | 1.61% |
| | | Liaoning Province | 1,318,200 | |
| | | Heilongjiang Province | 8,492,223 | |
| | | Shanghai Province | 6,372,352 | |
| | | Jiangsu Province | 845,447 | |

| H.S Chapter | Description | City | USD | တရုတ်နိုင်ငံ၏ အခြားနိုင်ငံမှ တင်သွင်းသည့် စားသောက်ကုန်များ တွင် မြန်မာမှ ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| | | Zhejiang Province | 1,316,868 | |
| | | Anhui Province | 3,271,507 | |
| | | Fujian Province | 10,630,425 | |
| | | Jiangxi Province | 517,596 | |
| | | Henan Province | 174,330 | |
| | | Hubei Province | 458,132 | |
| | | Hunan Province | 2,231,140 | |
| | | Guangdong Province | 64,176,893 | |
| | | Guangxi Zhuang Autonomous Region | 4,516,631 | |
| | | Hainan Province | 2,284,765 | |
| | | Chongqing | 196,541 | |
| | | Sichuan Province | 957,430 | |
| | | Guizhou Province | 181,140 | |
| | | Yunnan Province | 133,519,048 | |
| 11 | Products of the milling industry;malt;starches; inulin; wheat gluten | Shanghai Province | 4,731 | 0.10% |
| | | Jiangsu Province | 35,187 | |
| | | Zhejiang Province | 27,337 | |
| | | Fujian Province | 946,189 | |
| | | Shandong Province | 18,756 | |
| | | Guangdong Province | 469,388 | |
| | | Yunnan Province | 971,151 | |
| 17 | Sugars and sugar confectionery | Yunnan Province | 210,188 | 0.01% |
| 19 | Preparations of cereals, flour, starch | Liaoning Province | 11,090 | 0.01% |

| H.S Chapter | Description | City | USD | တရုတ်နိုင်ငံ၏ အခြားနိုင်ငံမှ တင်သွင်းသည့် စားသောက်ကုန်များ တွင် မြန်မာမှ ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| | or milk; pastrycooks' products | | | |
| | | Guangdong Province | 244,194 | |
| | | Yunnan Province | 676,055 | |
| 20 | Preparations of vegetables, fruit, nuts or other parts of plants | Yunnan Province | 40,830 | 0.00% |
| 21 | Miscellaneous edible preparations | Liaoning Province | 199,669 | 0.47% |
| | | Guangdong Province | 214,878 | |
| | | Yunnan Province | 1,371,706 | |
| | | Yunnan Province | 370,910 | |

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့လိုသည့် လုပ်ငန်းများအား အကြံပြုထောက်ခံချက်ပေးမည့်ဌာနများ၏ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည်စာရင်း

| စဉ် | ကုန်စည်အမျိုးအစား | ထောက်ခံချက် ပေးမည့်ဌာန | ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ဖုန်းနံပတ် | အီးမေးလ် |
|---|---|---|---|---|---|
| ၁။ | စားသုံးဆီ | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | ၀၉၅၁၆၁၈၉၁ | gurugyi@gmail.com |
| ၂။ | ဆီထွက်သီးနှံ | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း ဦးစီးအရာရှိ | ၀၉၇၉၄၃၉၉၃၂၁ | winthan95@gmail.com |
| ၃။ | Stuffed Pastry Products | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း ဦးစီးအရာရှိ | ၀၉၇၉၄၃၉၉၃၂၁ | winthan95@gmail.com |
| ၄။ | စားသုံးနိုင်သည့် အစေ့အဆန်များ | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း ဦးစီးအရာရှိ | ၀၉၇၉၄၃၉၉၃၂၁ | winthan95@gmail.com |
| ၅။ | အစေ့အဆန်များမှ ကြိတ်ခွဲထုတ်လုပ်ထားသည့်ကုန်စည်များနှင့် မော့ဂျုံ | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း ဦးစီးအရာရှိ | ၀၉၇၉၄၃၉၉၃၂၁ | winthan95@gmail.com |
| ၆။ | လတ်ဆတ်နှင့် အခြောက်ခံထားသည့် ဟင်းသီးဟင်းရွက်များ | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း ဦးစီးအရာရှိ | ၀၉၇၉၄၃၉၉၃၂၁ | winthan95@gmail.com |
| ၇။ | အခြောက်ခံထားသည့် ပဲများ | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် | ဒေါက်တာဝင်းသန်း ဦးစီးအရာရှိ | ၀၉၇၉၄၃၉၉၃၂၁ | winthan95@gmail.com |

| စဉ် | ကုန်စည်အမျိုးအစား | ထောက်ခံချက် ပေးမည့်ဌာန | ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ဖုန်းနံပတ် | အီးမေးလ် |
|---|---|---|---|---|---|
| | | ဆည်မြောင်းဝန်ကြီးဌာန | | | |
| ၈။ | အပင်ထွက် ဟင်းခပ်အမွှေးအကြိုင်များ | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း ဦးစီးအရာရှိ | ၀၉၇၉၄၃၉၉၃၂၁ | winthan95@gmail.com |
| ၉။ | အခွံမာအသီးများနှင့် အစေ့များ | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း ဦးစီးအရာရှိ | ၀၉၇၉၄၃၉၉၃၂၁ | winthan95@gmail.com |
| ၁၀။ | အခြောက်ခံထားသော သစ်သီးများ | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း ဦးစီးအရာရှိ | ၀၉၇၉၄၃၉၉၃၂၁ | winthan95@gmail.com |
| ၁၁။ | မလှော်ရသေးသည့် ကော်ဖီနှင့် ကိုကိုးစေ့များ | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း ဦးစီးအရာရှိ | ၀၉၇၉၄၃၉၉၃၂၁ | winthan95@gmail.com |
| ၁၂။ | အထူးအစားအစာများ (နွားနို့အခြေခံ မွေးစကလေး သူငယ် သောက်သုံးသည့် ကုန်စည်များမပါ) | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | ၀၉၅၁၆၁၈၉၁ | gurugyi@gmail.com |
| ၁၃။ | ကျန်းမာရေးကို အထူးအကျိုးကျေးဇူး ပြုသည့် အစားအသောက်များ | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | ၀၉၅၁၆၁၈၉၁ | gurugyi@gmail.com |

| စဉ် | ကုန်စည်အမျိုးအစား | ထောက်ခံချက် ပေးမည့်ဌာန | ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ဖုန်းနံပတ် | အီးမေးလ် |
|---|---|---|---|---|---|
| | (Functional foods) | | | | |
| ၁၄။ | ပျားထွက်ကုန်ပစ္စည်းများ | မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ဦးမောင်တင့် ဒုတိယညွှန်ကြားရေးမှူး | ၀၉၇၉၄၈၉၄၁၄၄<br>၀၉၂၁၇၄၃၂၆ | Komgtin1971@gmail.com |
| ၁၅။ | စားသုံးနိုင်ပြီး၊ မွေးမြူထားသည့် ရေထွက်ကုန်များ | ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ဦးညွန့်ဝင်း ညွှန်ကြားရေးမှူး<br><br>ဒေါက်တာစုမျိုးသွယ် ဒုတိယညွှန်ကြားရေးမှူး | ၀၉၇၈၁၁၈၇၉၂၇<br><br>၀၉၅၀၈၁၆၂၄ | nyuntwin34@gmail.com<br><br>smyothwe@gmail.com |
| ၁၆။ | တိရစ္ဆာန်ထွက်ကုန်များနှင့် တိရစ္ဆာန်အစာ | မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ဒေါက်တာနှင်းလဲ့စိုး ဒုတိယညွှန်ကြားရေးမှူး | ၀၉၇၉၇၇၁၉၆၁ | nilarhninlesoe@gmail.com |
| ၁၇။ | ဥနှင့် ဥထွက်ပစ္စည်းများ | မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ဒေါက်တာနှင်းလဲ့စိုး ဒုတိယညွှန်ကြားရေ းမှူး | ၀၉၇၉၇၇၁၉ ၆၁ | nilarhninlesoe@gmail.com |
| ၁၈။ | မွေးမြူရေးတိရစ္ဆာန်များ | မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ဒေါက်တာဌေးဇော်ဦး ဒုတိယညွှန်ကြားရေးမှူး | ၀၉၂၀၄၅၃၀၄ | drhtayzawoo@gmail.com |

| စဉ် | ကုန်စည်အမျိုးအစား | ထောက်ခံချက် ပေးမည့်ဌာန | ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ဖုန်းနံပတ် | အီးမေးလ် |
|---|---|---|---|---|---|
| | | ဝန်ကြီးဌာန | | | |
| ၁၄၈။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့ အစားအသောက် တင်ပို့သည့်လုပ်ငန်းများ မှတ်ပုံတင်မည့်ကိစ္စနှင့် ထောက်ခံချက်ပေးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ (အတွင်းရေးမှူး) | မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ဒေါ်နှင်းစန္ဒာ ညွှန်ကြားရေးမှူး | ၀၆၇-၃-၄၀၈၆၀၅<br>၀၉၄၀၃၄၉၃၅<br>၀၆၇-၃-၄၀၈၆၁၈ | Hninsandar05@gmail.com<br>myantrade.domestic@gmail.com |

ရင်းမြစ်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊